# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံခုံအဖွဲ့

## ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ

# ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်

# အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာ လ (၁၄) ရက်
နေရာ။ နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အခွန်အယူခံ ခုံအဖွဲ့

## ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အခွန်အယူခံ ဆိုင်ရာ ကြားနာမှုများနှင့် ပတ်သက်၍ အစီရင်ခံ တင်ပြခြင်း

## မာ တိ ကာ


| | | | |
|---|---|---|---|
| ၁။ | နိဒါန်း | ၁ | ၂ |
| ၂။ | အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက် | ၂ | ၂ |
| ၃။ | ခုံအဖွဲ့ ဖွဲ့စည်းခြင်း | ၂ | ၂ |
| ၄။ | လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု | ၃ | ၆ |
| ၅။ | လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု ဆိုင်ရာ တင်ပြချက် | ၆ | ၁၀ |
| ၆။ | နိဂုံး | ၁၀ | ၁၀ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံ ခုံအဖွဲ့

## (၁-၁၀-၂၀၂၀) မှ (၃၀-၉-၂၀၂၁) ထိ

## ၃၀-၉-၂၀၂၁ ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အခွန်အယူခံ ဆိုင်ရာ ကြားနာမှုများနှင့် ပတ်သက်၍ အစီရင်ခံ တင်ပြခြင်း

### နိဒါန်း

၁။ အခွန်အယူခံခြင်းလုပ်ငန်းကို ၁၉၅၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အမြတ်ခွန်အယူခံခုံရုံးကို ဖွဲ့စည်းပြီး အမြတ်ခွန်ဆိုင်ရာအယူခံမှု တစ်မျိုးတည်းကိုသာ စစ်ဆေးခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၃-၁၀-၁၉၇၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၀) အရ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၄) ဦးပါဝင်သော အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပြီး အမြတ်ခွန် အယူခံမှုသာမက အကောက်ခွန်၊ ယစ်မျိုးခွန်၊ တံဆိပ်ခေါင်းခွန်ဆိုင်ရာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု ၊ တရားရုံးချုပ်သို့ လွှဲအပ်မှုများ ကြားနာစီရင် ဆုံးဖြတ်ခဲ့ပြီး အမြတ်ခွန် အယူခံရုံးအား အခွန်အယူခံ ခုံအဖွဲ့ရုံးအဖြစ် ပြောင်းလဲခဲ့ပါသည်။

၂။ ၁၉၇၆ ခုနှစ်တွင် ဝန်ကြီးအဖွဲ့၏ ၁၁-၁၂-၁၉၇၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂) ဖြင့် လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၈-၇-၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆/၈၉)ဖြင့်လည်းကောင်း၊၂၀၁၇ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၅-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၇) ဖြင့်လည်းကောင်း အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ အမှုများကို ကြားနာစစ်ဆေးစီရင်ခဲ့ပါသည်။

၃။ အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာများဖြင့်သာ ခုံအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး တင်သွင်းလာသော အမှုများ လွှမ်းခြုံကြားနာစစ်ဆေးခြင်းကို ကာလအတန်ကြာဆောင်ရွက်ခဲ့ရာ ခိုင်မာသော ဥပဒေမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့ဥပဒေ ပြဋ္ဌာန်းနိုင်ရေး တင်ပြဆောင်ရွက်ခဲ့ပြီး ၁-၈-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် -၂၃ ဖြင့် အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

၄။ အခွန်အယူခံခုံအဖွဲ့သည် တရားစီရင်ရေး သဘောဆောင်သော အခွင့်အာဏာ (Quasi-Judicial Power) ကျင့်သုံးခွင့်ရှိသည့်အလျောက် ပြည်ထောင်စုအစိုးရက စည်းကြပ်ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ တင်သွင်းလာသော အမှုများအပေါ် မျှတမှန်ကန်စွာ စီရင်ဆုံးဖြတ်ရန် ဥပဒေ၊ အခွန်အကောက်၊ စာရင်းကိုင် ၊ စာရင်းစစ် ပညာရပ်ဆိုင်ရာ နယ်ပယ်များမှ အတွေ့အကြုံရင့်ကျက်သူများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် နိုင်ငံတကာစံနှုန်းနှင့်အညီ ဖွဲ့စည်းပေးခဲ့သည့်အားလျော်စွာ တင်သွင်းလာသော အမှုများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ကြားနာစစ်ဆေးပြီး မှန်ကန်မျှတစွာ စီရင်ဆုံးဖြတ်ပေး လျက်ရှိပါသည်။

## အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက်

၅။ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၃၀ တွင် "ဥက္ကဋ္ဌသည် အခွန်နှစ် တစ်နှစ် ပြီးဆုံးသည့် အခါတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့် ပတ်သက်၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ တင်ပြရမည်။ ထို့အပြင် အများပြည်သူ သိရှိစေရန် ထုတ်ပြန် ကြေညာရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီဖြစ်စေရန်လည်းကောင်း၊ အခွန်အယူခံ ခုံအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လမ်းညွှန်မှု ပြုပေးနိုင်ပါရန် တင်ပြရခြင်း ဖြစ်ပါသည်။

## ခုံအဖွဲ့ ဖွဲ့စည်းခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့က အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၊ ပုဒ်ခွဲ (က) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၇) ဦး ပါဝင်သော အောက်ဖော်ပြပါ အခွန်အယူခံ ခုံအဖွဲ့မှ အစီရင်ခံ တင်ပြသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးမြင့်ဦး | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| (ဂ) | ဦးဇေယျကြည်ညွန့် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ရီရီမြင့် | အဖွဲ့ဝင် |
| (င) | ဦးဝင်းနိုင် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းတင် | အဖွဲ့ဝင် |
| (ဆ) | ဦးကြည် | အဖွဲ့ဝင် |

## လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု

၇။ ယခင်ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ လက်ကျန် ဆောင်ရွက်ရန်အမှုမှာ (၄၅) မှု ဖြစ်၍ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေး နှစ်အတွင်း တိုးလာသည့် အမှု ( ၄၈ ) မှု ဖြစ်ပါသဖြင့် ဆောင်ရွက်ရန် အမှုမှာ အောက်ပါအတိုင်း စုစုပေါင်း ( ၉၃ ) မှု ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ် အတွင်း ( ၄၃ ) မှုကို စီရင်ဆုံးဖြတ်ပေးနိုင်ခဲ့သဖြင့် အကောင်အထည်ဖော်နိုင်မှုမှာ ၄၆.၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကြားနာရန် ( ၅၀ ) မှု ကျန်ရှိပါသည် -


### ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ

### (၃၀-၉-၂၀၂၁ ရက်နေ့အထိ)


| စဉ် | အမှုအမျိုးအစား | | ယခင်နှစ်လက်ကျန် | နှစ်အတွင်းတိုးလာသောအမှု | စုစုပေါင်း | ဆောင်ရွက်ပြီးစီးမှု | ဆောင်ရွက်ဆဲ / ဆောင်ရွက်ရန်ကျန် | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ဆုံးဖြတ်ချက်ချမှတ်ရန်ကျန်အမှု | စစ်ဆေးကြားနာဆဲအမှု | စစ်ဆေးကြားနာရန်ကျန်ရှိအမှု | စုစုပေါင်း |
| ၁ | အကောက်ခွန် | အယူခံမှု | ၃၀ | ၁၇ | ၄၇ | ၃၄ | ၄ | - | ၉ | ၁၃ |
| | | ပြင်ဆင်မှု | ၁ | - | ၁ | ၁ | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | ၄ | ၂၂ | ၂၆ | ၄ | - | ၁ | ၂၁ | ၂၂ |
| | | လွှဲအပ်မှု | - | ၂ | ၂ | - | - | - | ၂ | ၂ |
| | | **စုစုပေါင်း** | ၃၅ | ၄၁ | ၇၆ | ၃၉ | ၄ | ၁ | ၃၂ | ၃၇ |
| ၂ | ဝင်ငွေခွန် | အယူခံမှု | ၆ | ၇ | ၁၃ | ၃ | ၁ | ၂ | ၇ | ၁၀ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | ၁ | - | ၁ | - | - | - | ၁ | ၁ |
| | | **စုစုပေါင်း** | ၇ | ၇ | ၁၄ | ၃ | ၁ | ၂ | ၈ | ၁၁ |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | အယူခံမှု | ၂ | - | ၂ | ၁ | - | - | ၁ | ၁ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | ၂ | - | ၂ | ၁ | - | - | ၁ | ၁ |
| ၄ | အထူးကုန်စည်ခွန် | အယူခံမှု | ၁ | - | ၁ | - | - | - | ၁ | ၁ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | ၁ | - | ၁ | - | - | - | ၁ | ၁ |
| **စုစုပေါင်း** | | | ၄၅ | ၄၈ | ၉၃ | ၄၃ | ၅ | ၃ | ၄၂ | ၅၀ |

| အမှု အမျိုးအစား | ယခင်နှစ် လက်ကျန် | နှစ်အတွင်း တိုး အမှု | စုစု ပေါင်း | ဆောင်ရွက်ပြီးစီးမှု | | ကြားနာရန် ကျန်ရှိသောအမှု |
|---|---|---|---|---|---|---|
| | | | | အမှု | ရာခိုင်နှုန်း | |
| အယူခံ | ၃၉ မှု | ၂၄ မှု | ၆၃ မှု | ၃၈ မှု | ၆၀.၃ % | ၂၅ မှု |
| ပြန်လည်သုံးသပ်မှု | ၄ မှု | ၂၂ မှု | ၂၆ မှု | ၄ မှု | ၁၅.၄ % | ၂၂ မှု |
| ပြင်ဆင်မှု | ၁ မှု | - | ၁ မှု | ၁ မှု | ၁၀၀ % | - |
| လွှဲအပ် | ၁ မှု | ၂ မှု | ၃ မှု | | | ၃ မှု |
| စုစုပေါင်း | ၄၅ မှု | ၄၈ မှု | ၉၃ မှု | ၄၃ မှု | ၄၆.၇ % | ၅၀ မှု |

၈။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကြားနာရန်အမှုများတွင် အမှုအမျိုးအစားအလိုက်ပါဝင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -





၉။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကြားနာရန်အမှုများတွင် အခွန်အမျိုးအစားအလိုက် ပါဝင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -





၁၀။ ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် အစီရင်ခံတင်ပြသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေကို ရာခိုင်နှုန်းအားဖြင့်အောက်ပါအတိုင်းနှိုင်းယှဉ် ဖော်ပြ အပ်ပါသည်-


| အခွန် အမျိုးအစား | အမှု အမျိုးအစား | ဆောင်ရွက်ရန် | | ဆောင်ရွက်ပြီး | | အကောင်ထည်ဖော်နိုင်မှု ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
| အကောက်ခွန် | အယူခံ | ၆၉ မှု | ၄၇ မှု | ၃၉ မှု | ၃၄ မှု | ၅၆ % | ၇၄ % |
| | ပြန်လည်သုံးသပ်မှု | ၂၂ မှု | ၂၆ မှု | ၁၈ မှု | ၄ မှု | ၈၂ % | ၁၅ % |
| | ပြင်ဆင်မှု | ၁ မှု | ၁ မှု | - | ၁ မှု | | ၁၀၀ % |
| | လွှဲအပ်မှု | | ၂ မှု | | | | |
| ဝင်ငွေခွန် | အယူခံ | ၇ မှု | ၁၃ မှု | ၁ မှု | ၃ မှု | ၁၄ % | ၂၃ % |
| | လွှဲအပ် | ၁ မှု | ၁ မှု | - | | | |
| ကုန်သွယ်ခွန် | အယူခံ | ၂ မှု | ၂ မှု | - | ၁ မှု | | ၅၀ % |
| အထူးကုန်စည်ခွန် | အယူခံ | ၁ မှု | ၁ မှု | - | | | |
| | စုစုပေါင်း | ၁၀၃ မှု | ၉၃ မှု | ၅၈ မှု | ၄၃ မှု | ၅၆ % | ၄၇ % |

၁၁။ အစီရင်ခံ တင်ပြသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကို ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် အမှု အမျိုးအစားအလိုက် လည်းကောင်း၊ အခွန် အမျိုးအစားအလိုက် လည်းကောင်း အောက်ပါအတိုင်း ဂရပ်ပုံများဖြင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-






## လုပ်ငန်း အကောင်အထည်ဖော်နိုင်မှုဆိုင်ရာ တင်ပြချက်

၁၂။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အယူခံမှုများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည် -

(က) အယူခံ အမှုများအပေါ် အခွန်အမျိုးအစားအလိုက် ခွဲခြား စိစစ်သည့်အခါ -

(၁) အကောက်ခွန် အမှုများနှင့်စပ်လျဉ်း၍ ပိတ်ပင် တားမြစ် ကုန်စည်များ၊ ကန့်သတ်ထိန်းချုပ် ကုန်စည်များ၊ အကောက်ခွန်မဲ့ ကုန်စည်များ ဖြစ်သည့်အတွက် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ကုန်စည်များ၊ ယင်းကုန်စည်များကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ ဒဏ်ကြေးငွေ ပေးဆောင်၍ ပြန်လည် ရယူလိုသည့်အတွက် လျှောက်ထားတင်သွင်းလာသည့် အယူခံမှု၊ ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှု အမှုများတွင် ကြားနာရန်ကျန်ရှိသည့် အမှုများ၏ ၈၂ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။

(၂) ဝင်ငွေခွန် အယူခံမှုမှာ ၁၅ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် အယူခံမှု ၂ ရာခိုင်နှုန်းနှင့် အထူးကုန်စည်ခွန် အယူခံမှု ၁ ရာခိုင်နှုန်းခန့် စုစုပေါင်း ၁၈ ရာခိုင်နှုန်း ပါဝင်နေပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက်ပေးဆောင်သည့် စနစ်ဖြင့် စည်းကြပ်မှု ခံယူနေသော ပြည်တွင်းကုမ္ပဏီကြီးများနှင့် နိုင်ငံခြားကုမ္ပဏီကြီးများမှ အယူခံဝင်ရောက်လာခြင်းဖြစ်ပါသည်။

( ခ ) ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လက်ကျန်အမှုများနှင့် အစီရင်ခံတင်ပြသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လက်ခံရရှိခဲ့သည့် အမှုများတွင် အမှုအမျိုးအစားအလိုက် ရာခိုင်နှုန်းအားဖြင့် ပါဝင်မှုအခြေအနေမှာ အယူခံမှု ၆၈ ရာခိုင်နှုန်း ၊ အခွန်အယူခံ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ်ပြန်လည်သုံးသပ်မှု ၂၈ ရာခိုင်နှုန်း ၊ ပြင်ဆင်မှု ၁ ရာခိုင်နှုန်းနှင့် လွှဲအပ်မှု ၃ ရာခိုင်နှုန်းတို့ ပါဝင်ပါသည်။

( ဂ ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကြားနာရန် အမှု ၁၀၃ မှုတွင် ၅၈ မှု ၅၆ ရာခိုင်နှုန်းခန့် အကောင်အထည်ဖော်နိုင်ခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်မှု ကြားနာရန်အမှု ၉၂ မှုတွင် ၄၃ မှု၊ ၄၇ ရာခိုင်နှုန်း သာ အကောင်အထည်ဖော်နိုင်ပြီး အကောင်အထည်ဖော်နိုင်မှု ကျဆင်းသွားရခြင်းမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်ပါသည်-

(၁) Internet Access ရရှိနိုင်မှု ကန့်သတ်ချက်ကြောင့် Zoom Meeting နည်းပညာကို ပြောင်းလဲအသုံးပြုနိုင်ရန် လိုအပ်ချက်များ ပြန်လည်ပြင်ဆင်ရခြင်း၊

(၂) လူ့စွမ်းအားအရင်းအမြစ်ပြန်လည်ပျိုးထောင်ရခြင်း၊ Covid-19 တတိယလှိုင်းကြောင့် နေပြည်တော်အဝင် ကန့်သတ်မှုများ ဆောင်ရွက်ထားသဖြင့် အခွန်အယူခံခုံအဖွဲ့ အသစ် အနေဖြင့် ကြားနာစစ်ဆေးရန် ချိန်းဆိုထားသည့် အမှုများ ရွှေ့ဆိုင်းထားရပြီး ကြားနာမှုများ ဆောင်ရွက်မရနိုင်ခြင်း၊

(၃) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လျှောက်ထားသည့် အချို့အယူခံမှုများအတွက် သက်ဆိုင်ရာ ဌာနများ ၏ ချေပချက်များ မရရှိသေးခြင်း၊

၁၃။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် အယူခံမှုများအလိုက် စီရင်ဆုံးဖြတ်ချက်ချမှတ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၁ | အကောက်ခွန်အယူခံမှု | ၁၅ / ၂၀၂၀ | ဦးသန့်ဇင် | ၁၀-၁၂-၂၀၂၀ | ပလပ် |
| ၂ | အကောက်ခွန်အယူခံမှု | ၂၀ / ၂၀၂၀ | ဒေါ်နန်းဆိုင်စိန် | ၁၁-၁၂-၂၀၂၀ | ရုတ်သိမ်း |
| ၃ | အကောက်ခွန်အယူခံမှု | ၂၁ / ၂၀၂၀ | ဦးသက်ဦးလွင် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၄ | အကောက်ခွန်အယူခံမှု | ၂၂ / ၂၀၂၀ | ဦးသက်ဦးလွင် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၅ | အကောက်ခွန်အယူခံမှု | ၂၃ / ၂၀၂၀ | ဦးသက်ဦးလွင် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၆ | အကောက်ခွန်အယူခံမှု | ၂၄ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၇ | အကောက်ခွန်အယူခံမှု | ၂၅ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၈ | အကောက်ခွန်အယူခံမှု | ၂၆ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၉ | အကောက်ခွန်အယူခံမှု | ၂၇ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၀ | အကောက်ခွန်အယူခံမှု | ၂၈ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၁ | အကောက်ခွန်အယူခံမှု | ၂၉ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၁၂ | အကောက်ခွန်အယူခံမှု | ၃၀ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၃ | အကောက်ခွန်အယူခံမှု | ၃၁ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၄ | အကောက်ခွန်အယူခံမှု | ၃၂ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၅ | အကောက်ခွန်အယူခံမှု | ၃၃ / ၂၀၂၀ | ဦးဖြိုးဝေကျော် | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၆ | အကောက်ခွန်အယူခံမှု | ၃၇ / ၂၀၂၀ | ဦးဆွေထွန်း | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၇ | အကောက်ခွန်အယူခံမှု | ၃၈ / ၂၀၂၀ | ဦးဆွေထွန်း | ၁၄-၁-၂၀၂၁ | ပလပ် |
| ၁၈ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၁၁ / ၂၀၂၀ | ဒေါ်ထွယ်ဘု | ၁၅-၁-၂၀၂၁ | ပလပ် |
| ၁၉ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၁၂ / ၂၀၂၀ | ဦးညီညီနိုင် | ၁၅-၁-၂၀၂၁ | ပလပ် |
| ၂၀ | ဝင်ငွေခွန်ဒုတိယအယူခံမှု | ၉ / ၂၀၂၀ | Jardine Engineering Ltd | ၂၇-၁-၂၀၂၁ | ရုပ်သိမ်း |
| ၂၁ | ဝင်ငွေခွန်ဒုတိယအယူခံမှု | ၁၀ / ၂၀၂၀ | Jardine Engineering Ltd | ၂၇-၁-၂၀၂၁ | ရုပ်သိမ်း |
| ၂၂ | အကောက်ခွန်အယူခံမှု | ၆ / ၂၀၂၀ | ဒေါ်စုမွန်ကျော် | ၅-၅-၂၀၂၁ | ပလပ် |
| ၂၃ | အကောက်ခွန်အယူခံမှု | ၁၄ / ၂၀၂၀ | ဦးစိုးသန့်ဇင် | ၅-၅-၂၀၂၁ | ပလပ် |
| ၂၄ | အကောက်ခွန်အယူခံမှု | ၁၆ / ၂၀၂၀ | ဦးခင်မောင်လတ် | ၅-၅-၂၀၂၁ | ပလပ် |
| ၂၅ | အကောက်ခွန်အယူခံမှု | ၃၄ / ၂၀၂၀ | ဦးသိန်းဇော် | ၅-၅-၂၀၂၁ | ပလပ် |
| ၂၆ | အကောက်ခွန်အယူခံမှု | ၃၅ / ၂၀၂၀ | ဦးမောင်လွင် | ၅-၅-၂၀၂၁ | ပလပ် |
| ၂၇ | အကောက်ခွန်အယူခံမှု | ၃၆ / ၂၀၂၀ | ဦးစိုးပိုင် | ၅-၅-၂၀၂၁ | ပလပ် |
| ၂၈ | အကောက်ခွန်အယူခံမှု | ၃၉ / ၂၀၂၀ | ဒေါ်နန်းအောင်ခမ်း | ၅-၅-၂၀၂၁ | ပလပ် |
| ၂၉ | အကောက်ခွန်အယူခံမှု | ၄၀ / ၂၀၂၀ | ဒေါ်စန်းဆင့်ဆင့်ထွန်း | ၅-၅-၂၀၂၁ | ပလပ် |
| ၃၀ | အကောက်ခွန်အယူခံမှု | ၄၁ / ၂၀၂၀ | ဦးထွန်းထွန်းဦး | ၅-၅-၂၀၂၁ | ပလပ် |
| ၃၁ | အကောက်ခွန်အယူခံမှု | ၄၂ / ၂၀၂၀ | ဦးလှထွန်းစိန် | ၅-၅-၂၀၂၁ | ပလပ် |
| ၃၂ | အကောက်ခွန်အယူခံမှု | ၄၃ / ၂၀၂၀ | ဦးစိန်ဝင်း | ၅-၅-၂၀၂၁ | ပလပ် |
| ၃၃ | အကောက်ခွန်အယူခံမှု | ၄၄ / ၂၀၂၀ | ဦးတင်ထွန်းအောင် | ၅-၅-၂၀၂၁ | ပလပ် |
| ၃၄ | အကောက်ခွန်အယူခံမှု | ၄၅ / ၂၀၂၀ | ဒေါ်ခိုင်ခိုင်ဇံ | ၅-၅-၂၀၂၁ | ပလပ် |
| ၃၅ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၁၀ / ၂၀၂၀ | ဦးဇော်မိုးလွင် | ၅-၅-၂၀၂၁ | ပလပ် |
| ၃၆ | အကောက်ခွန်ပြင်ဆင်မှု | ၁ / ၂၀၂၀ | ဒေါ်ခင်သီတာဦး | ၇-၆-၂၀၂၁ | ပိတ်သိမ်း |
| ၃၇ | အကောက်ခွန်အယူခံမှု | ၁၃/၂၀၂၀ | ဦးဝေယံစိုး | ၃၀-၆-၂၀၂၁ | ပလပ် |
| ၃၈ | အကောက်ခွန်အယူခံမှု | ၁၇/၂၀၂၀ | ဒေါ်ဝင်းဝင်းနွယ် | ၃၀-၆-၂၀၂၁ | ပလပ် |
| ၃၉ | အကောက်ခွန်အယူခံမှု | ၄၆/၂၀၂၀ | Kyal Sin Wine Manufacturing Co Ltd | ၃၀-၆-၂၀၂၁ | ပလပ် |
| ၄၀ | အကောက်ခွန်အယူခံမှု | ၄၇/၂၀၂၀ | Kyal Sin Wine Manufacturing Co Ltd | ၃၀-၆-၂၀၂၁ | ပလပ် |
| ၄၁ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၉/၂၀၂၀ | ဦးစိုင်းဇော်မိုး | ၂၃-၉-၂၀၂၁ | ပလပ် |
| ၄၂ | ဝင်ငွေခွန် အယူခံမှု | ၂/၂၀၁၉ | Capital Consumer Ltd | ၂၃-၉-၂၀၂၁ | ပလပ် |
| ၄၃ | ကုန်သွယ်လုပ်ငန်းခွန် အယူခံမှု | ၁/၂၀၁၉ | Capital Consumer Ltd | ၂၃-၉-၂၀၂၁ | ပလပ် |

၁၄။ Covid-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားမှု မြင့်မားနေသည့် အခြေအနေတွင် အခွန်အယူခံ ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုများကို သမရိုးကျ ပုံမှန်အတိုင်း စစ်ဆေးကြားနာရန် မဖြစ်နိုင်သည့်အတွက် ခေတ်မီတိုးတက်နေသည့်သတင်းအချက်အလက်နည်းပညာနှင့်အညီ လိုက်လျောညီထွေဖြစ်သည့် ပုံစံအသစ် (new normal) နှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် နည်းလမ်းရှာကြံ ကြိုးစား ဆောင်ရွက်ခဲ့ပါသည်။

၁၅။ ယင်းကာလများအတွင်း အမှုများကြားနာ စစ်ဆေးရာတွင် ဗီဒီယို ဆက်သွယ်မှု (Video Conferencing) ဖြင့် ကြားနာစစ်ဆေးစီရင်ပါက တည်ဆဲဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိ ၊ ကြားနာစစ်ဆေးစီရင်နိုင်ခြင်း ပြုနိုင် မပြုနိုင် အခွန်အယူခံခုံအဖွဲ့မှ ၁၀-၉-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထား မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၂-၁၀-၂၀၂၀ ရက်နေ့တွင် သက်သေခံအက်ဥပဒေ ပုဒ်မ ၆၀-က (၁) နှင့် အခွန်အယူခံခုံအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြားနာစစ်ဆေးစီရင်နိုင်ခြင်း ပြုနိုင်မည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါသည်။

၁၆။ သို့ဖြစ်ပါ၍ အမှုများအား ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာစစ်ဆေးစီရင်နိုင်ရန် သတင်းအချက်အလက်နည်းပညာ ပစ္စည်းကိရိယာများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းခြင်းအဖြစ် ၄-၁၀-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၄/၂၀၂၀ နှင့် ၁၃-၅-၂၀၂၁ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၁ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၇။ အမှုများအား ဗီဒီယို ဆက်သွယ်မှုဖြင့် ကြားနာ စစ်ဆေးစီရင်နိုင်ရန် လိုအပ်ချက်များ ပြင်ဆင်ပြီးနောက် အကောက်ခွန် အယူခံမှုအမှတ် ၁၅/၂၀၂၀ ကို ၁၂-၁၁-၂၀၂၀ ရက်နေ့တွင် စတင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ရုံးထိုင်ကြားနာမှု ၄ ကြိမ်တွင် ကြားနာမှု (၁၅) မှုနှင့် ဗီဒီယိုဆက်သွယ်မှုဖြင့် ၇ ကြိမ် အမှုပေါင်း (၃၆) မှုကို ကြားနာ စစ်ဆေးနိုင်ခဲ့ပါသည်။

၁၈။ အခွန်အယူခံခုံအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များအသင်း၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် CPD Online Live Webinar တွင် အခွန်အယူခံ ခုံအဖွဲ့ဝင် ဦးဇေယျကြည်ညွန့် မှ “ယုံကြည် မျှတ မှန်ကန် အခွန်အယူခံအကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့် အခွန်အယူခံခုံအဖွဲ့ နောက်ခံသမိုင်း၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခြင်း၊ အခွန်အယူခံခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အခွန်အယူခံခုံအဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များအကြောင်း ဟောပြော ပို့ချဆွေးနွေးခဲ့ပါသည်။

၁၉။ ခုံအဖွဲ့ ဥက္ကဋ္ဌက ၁၄-၁၀-၂၀၂၀ ရက်နေ့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ခွဲဝေရေးစာချုပ် ချုပ်ဆိုခြင်း ခေါင်းစဉ်ဖြင့် အသိဖလှယ်မျှဝေခြင်း၊ ၎င်းနေ့ ညနေပိုင်းတွင် အဖွဲ့ဝင် ဦးဝင်းတင်က ဥပဒေရေးရာ သိကောင်းစရာ ခေါင်းစဉ်ဖြင့် အသိဖလှယ်မျှဝေခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀။ ပြင်ပဌာနများနှင့် အသိဖလှယ်မျှဝေခြင်း အစီအစဉ်အဖြစ် ၂၄-၁၂-၂၀၂၀ ရက်နေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံရေး ဦးစီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့ဝင်များက ရေနံ နှင့် သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များဆိုင်ရာတို့ကို ရှင်းလင်းဆွေးနွေးပေးခြင်း၊ ၇-၁-၂၀၂၁ ရက်နေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများက အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်အရ အခွန်စည်းကြပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့် ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခြင်း များအပြင် ၇-၇-၂၀၂၁ ရက်နေ့၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်သွင်းကုန်ဥပဒေနှင့် ဆက်စပ်မူဝါဒများကို လာရောက်ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၁။ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ဌာနတွင်း လုပ်ငန်းခွင်မပျက် စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၁) ကို ၁၇-၅-၂၀၂၁ ရက်နေ့မှ ရက်သတ္တ တစ်ပတ် ဖွင့်လှစ်ခဲ့ရာ အဖွဲ့ဝင် ဦးဝင်းတင် နှင့် ဦးကျော်ကျော်တို့မှလည်းကောင်း၊ ဌာနတွင်း လုပ်ငန်းခွင် မပျက် စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၂/၂၀၂၁) ကို ၆-၇-၂၀၂၁ ရက်နေ့မှ ၁၅-၇-၂၀၂၁ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ အဖွဲ့ဝင် ဦးကြည်မှလည်းကောင်း ဆွေးနွေးပို့ချပေးခဲ့ပါသည်။

## နိဂုံး

၂၂။ အခွန်အယူခံခုံအဖွဲ့သည် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုများစွာ ပြုလုပ်၍ အသိပညာတိုးပွားအောင် ပြုလုပ်ခြင်း၊ အသိပညာများ မျှဝေဖလှယ်ခြင်း၊ ဥပဒေ၊ အခွန်၊ စာရင်းစစ်ဆေးခြင်း ပြည်တွင်းသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ တက်ရောက်စေခြင်းနှင့် အမှု၏ ရှုပ်ထွေးမှုအပေါ် နက်ရှိုင်းစွာ နားလည် သဘော ပေါက်အောင်၊ ပြီးပြည့်စုံအောင် အသိပညာ ဗဟုသုတ ဉာဏ်ပညာများ ကြွယ်ဝနေခြင်း၊ ဆွေးနွေးညှိနှိုင်း တိုင်ပင်ခြင်း စသည့် အလေ့အကျင့်ကောင်းများ၊ အကြောင်းတရားများကြောင့် အမှုများအပေါ် အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်တုံ တရားဖြင့် ကျိုးကြောင်း ဆီလျော်စွာ ချင့်ချိန်ကာ ဥပဒေနှင့်အညီ မျှတ မှန်ကန် သည့် စီရင်ဆုံးဖြတ်ချက် ရလဒ်ကောင်းများ အကျိုးတရားများ ရရှိလာစေကာ၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည်အားကိုးမှု ရရှိလာအောင် အဂတိတရား ကင်းရှင်းစွာဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ခြင်း ၊ အခွန်ယဉ်ကျေးမှု ထွန်းကားလာသည်နှင့်အမျှ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံး ဝန်ထမ်းများအားလုံး တက်ညီ လက်ညီ အတူတကွ ဝိုင်းဝန်းကြိုးပမ်းကြလျက်ရှိပါသည်။

## လက်ရှိတာဝန်ထမ်းဆောင်နေသော အခွန်အယူခံခုံအဖွဲ့



ဦးမြင့်ဦး

ဥက္ကဋ္ဌ



ဦးကျော်ကျော်
အဖွဲ့ဝင်



ဦးဇေယျကြည်ညွန့်
အဖွဲ့ဝင်



ဒေါ်ရီရီမြင့်
အဖွဲ့ဝင်



ဦးဝင်းနိုင်
အဖွဲ့ဝင်



ဦးဝင်းတင်
အဖွဲ့ဝင်



ဦးကြည်
အဖွဲ့ဝင်

## အခွန်အယူခံခုံအဖွဲ့မှ အမှုများအား ရုံးထိုင်ကြားနာစစ်ဆေးမှု မှတ်တမ်းဓါတ်ပုံများ





## အခွန်အယူခံခုံအဖွဲ့မှ အမှုများအား ရုံးထိုင်ကြားနာစစ်ဆေးမှု မှတ်တမ်းဓါတ်ပုံများ





## အခွန်အယူခံခုံအဖွဲ့မှ အမှုများအား ရုံးထိုင်ကြားနာစစ်ဆေးမှု မှတ်တမ်းဓါတ်ပုံများ





## အခွန်အယူခံခုံအဖွဲ့မှ အမှုများအား Video Conferencing စနစ်ဖြင့် ကြားနာစစ်ဆေးမှု မှတ်တမ်းဓါတ်ပုံများ

